# ပန်ချောင် – နှစ်ထောင်နှင့်ချီသောဈေးတန်း၏ထူးဆန်းသောခရီးကြမ်း

▶ ပေါင်စန်းမြို့ လုံယန်းမြို့နယ် ပန်ချောင်မြို့ငယ်၏ ဗဟိုကျရာနေရာသည် ချင်းလုံလမ်းဖြစ်သည်။ ယင်းနေရာသည် တရုတ်ရှီးဟန့်ခေတ် (ဘီစီ ၂၀၂ - အေဒီ၈ခုနှစ်) ကတည်းကဖြစ်ပေါ်လာခဲ့သည့် ဈေးတန်းဖြစ်သည်။ တောင်ပိုင်း ပိုးလမ်းမကြီး၏ အရေးပါသော အထောက်စခန်းဖြစ်ပြီး ထိုစဉ်အခါ အလွန်ပင်စည်ကားခဲ့ဖူးသည်။

《ပန်ချောင်သမိုင်းမှတ်တမ်း》 အရ ချင်းလုံလမ်းသည် အရှည်(၈၇၅) မီတာ၊ အကျယ်(၈. ၆) မီတာရှိကြောင်း၊ ပန်ချောင်မြို့၏ ဗဟိုအချက်အချာနေရာဖြစ်ကြောင်း၊ ပန်ချောင်သည် တရုတ်ရှီးဟန့်ခေတ်မှစ၍ ဈေးတန်းဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်မင်မင်းဆက်ရှိ ပထဝီပညာရှင်ရှွီရှာခက် (၁၅၈၈-၁၆၄၄ ခုနှစ်)မှ ပေါင်စန်းသို့ လာရောက်ကြည့်ရှုစဉ် ယင်းလမ်း ကို "ပန်ချောင်လမ်း" ဟုခေါ်ထွင်ပေးခဲ့ကြောင်း။ တရုတ်ချင်းမင်းဆက် (၁၆၄၄-၁၉၁၁ခုနှစ်)တွင် အစိုးရက ငါးလီခြား တစ်ထင်(ဇရပ်)၊ ဆယ်လီခြား တစ်ထန်(ရေကန်) အဖြစ် သတ်မှတ်ခဲ့ရာ ပန်ချောင်သည် "ထန်"(ရေကန်) တည်ရှိရာနေရာ ပင်ဖြစ်ပါသည်။

ပြီးခဲ့သော(၂၀)ရာစုတွင် ပန်ချောင်ဈေးဟောင်းသည် ကြီးမားသောခရီးကြမ်းပြောင်းလဲမှုမှ ဖြတ်ကျော်လာပြီးနောက် အိမ်ဟောင်းအများအပြား သည် အစောကြီး ပျက်စီးယိုယွင်းသွား ပြီးဆေးရောင်များ ကျွတ်ကုန်ပြီဖြစ်သည်။ လမ်းဘေးရှိ ဆိုင်ခန်းများကလည်း အစောကြီး ဈေးမရောင်းတော့ဘဲ နေတော့သည်။ သို့သော် ယနေ့ထက်တိုင် ဈေးဟောင်းအတွင်းရှိ လက်ဖက်ရေဆိုင်ဟောင်းများ၊ "ကျီးလန်ရွှမ်း"၊ "ကွေ့ရှန်းလို" ရိုးရာမုန့်ဆိုင်(၂)ဆိုင်နှင့် "ရှိပေါင်ကျိုင်း" ငွေဆိုင်တို့သည် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ယင်းဆိုင်(၄)ဆိုင်တို့၏ လက်ရာအချို့ကို ယူနန်ပြည်နယ်၏ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပြီဖြစ်သည်။ ထို့ပြင်အခြားနေရာများ၌ အစောကြီးကတည်းက စက်ကိရိယာများဖြင့် ပုံနှိပ်ထားသောငွေစက္ကူ၊ တွေ့လျှန်းခေါ် နှစ်ချိုးစပ်စာတန်းစသည့် ပစ္စည်းများ ဖြစ်ကြသော်လည်း ဤနေရာမှာမူ လက်ဖြင့်ထုတ်လုပ်နေဆဲဖြစ်သည်။

ပြီးခဲ့သည့်(၈၀)ဆယ်စုနှစ်တွင် ပြုပြင်ပြောင်းလဲမှု၏ ခြေလှမ်းနှင့်အတူ



ချင်းလုံလမ်း၌ ယခင်က အသက်ဝင်အားကို ပြန်လည်ရှင်သန်တိုးပွားလာ သည်။ ဤတစ်ကီလိုမီတာနီးပါး ရှည်လျားသောလမ်းဟောင်း၌ နှစ်(၁၅၀)မှနှစ်(၃၀၀) အထိ သက်တမ်းရှိသော အဆောက်အဦးဟောင်းများကို ယနေ့ထက်တိုင် ပြည့်စုံကုံလုံစွာ ချန်လှပ်ထားသည်။ နေရာတကာတွင် ရိုးရာယဉ်ကျေးမှု၏ ညို့ဓာတ်ပျံ့သွား တော့သည်။ (ချိန်ချွမ်)

# မျက်လှည့်ဆရာကြီးမုံ့ဝင်တယ် – အသက်(၈၀)ကျော် တရုတ်ပြည်၌ တွေ့တောင့်တွေ့ခဲသော(၁၀)ကွင်းဆက် ကစားနိုင်သေး



▶ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ နမ်ဖင်ရပ်ကွက်၌ မျက်လှည့်ပညာကို သီးခြားကစားကြသောအသင်း မုံ့မျိုးနွယ်မျက်လှည့် အနုပညာအဖွဲ့ တစ်ဖွဲ့ရသည်။ ဆရာကြီးမုံ့ဝင်တယ်သည် အသက်(၈၀) ရှိပြီး ဖြစ်သော်လည်း ကွင်းဆက် ကစားသည်မှာ အတော်ကျွမ်းကျင်နေ သေးသည်။

သာမန်လူသူများ အနေဖြင့် ကွင်းဆက်(၆)ကွင်း၊ (၇)ကွင်း ကစားနိုင်လျှင်တော်လှနေပြီဖြစ်သည်။ သို့သော် ဆရာကြီးမုံ့ဝင်တယ်မှာမူ သံမဏိကွင်းဆက်(၁၀)ကွင်းကို တဆက်တည်း ချိတ်ဆက်၍ ကစားနိုင်သည်။ ကွင်းဆက်(၁၀)ကွင်းကို ကစားနိုင်သည်မှာ တရုတ်ပြည်၏မျက်လှည့်ပညာ လောကတွင်လည်း တွေ့တောင့်တွေ့ခဲသောအဆင့်အတန်းမြင့်မားလှသော အနုပညာပင်ဖြစ်သည်။

မကြာသေးမီ ရက်ပိုင်းတွင် သတင်းထောက်သည် ဆရာကြီးမုံ့ဝင်တယ်နှင့် ချိန်းထားသဖြင့်၄င်းနှင့်တွေ့ခွင့်ရခဲ့ပါသည်။ ၄င်းမှာ ခေါင်းပြောင်သူ၊ ကိုယ်ခန္ဓာသန်မာသူ၊ အရွှန်းဖောက်ပြောဆိုသူ၊ နားကင်းပါး၍ မျက်စိရှင်သူတစ်ဦးဖြစ်ပြီး သူအသက်(၈၀)ပြည့်ပြီး သူတစ်ဦးဖြစ်သည်ကို မည်သူကမျှ မယုံနိုင်ပါ။ စားပွဲရှေ့၌ သူသည် သတင်းထောက်အားရေနွေးငှဲ့ပေးသည့် ဖြစ်စဉ်မှာ မျက်လှည့်ပညာဖျော် ဖြေတင်ဆက်သည့် ပြကွက်တစ်ကွက်ဖြစ်လာသည်။ မျက်စိပြူးကြောင်ကြောင်နှင့် သူက ဗလာရေခွက်နှစ်ခွက်ယူလာသည်။ ယင်းရေခွက်နှစ်ခွက်ကို အနီပိတ်စတစ်ချပ်ဖြင့် ဖုံးအုပ်လိုက်သည်။ ၄င်းသည် အနီပိတ်စပေါ်သို့ထွက်သက်တစ်ချက်ဖြည်းညင်းစွာ မှုတ်လိုက်သည်။ အနီပိတ်စကို ပြန်ဖွင့် ကြည့်သော်ရေခွက်ထဲ၌ ပူပူနွေးနွေးလက်ဖက်ရေ နှစ်ခွက်ဖြစ်သွားသည်။

မုံ့ဝင်တယ်၏ ပြောပြချက်အရ ၄င်းသည် (၁၀)နှစ်သားအရွယ်မှစ၍ မျက်လှည့်ပညာသင်ယူခဲ့ကြောင်း၊ ထိုစဉ်က ကူမင်းမြို့၏ အရှေ့တံခါးကြီးရှေ့၌ အနုပညာရှင်များက အမြဲလိုလိုအနုပညာတင်ဆက်လေ့ရှိပြီး သူကတနေကုန် တနေခန်းဖြစ်အောင်ဝိုင်းကြည့်ခဲ့ကြောင်း၊ တစ်နေ့တွင် အနုပညာရှင်တစ်ဦးက သူစိတ်စွဲစွာ ကြည့်နေသည်ကို တွေ့ရသဖြင့် ပညာသင်ယူလိုစိတ်ရှိမရှိကို မေးမြန်းရာ သူခပ်သွက်သွက် ခေါင်းညိတ်၍ပြကြောင်း၊ အနုပညာရှင်က ပညာသင်လိုလျှင် ငွေပေး ရမည်ဟုပြောပြီး သူက ပြား(၅၀)ကို ချက်ချင်းထုတ်ပေးခဲ့ကြောင်း၊ ထိုစဉ် ၅ပြားဖြင့် ထမင်းတစ်နပ်စားနိုင်ကြောင်း၊ ယင်းအနု ပညာရှင်က လက်ချည်း လက်ဖက်ရေငှဲ့၊ အရက်ငှဲ့ဟူသော အတတ်(၂)ရပ်သင်ပေးလိုက်ကြောင်း၊ ထို့နောက်ပြား သုံးလေးဆယ်ထပ်ပေးပြီး "ငွေခေါ်ယပ်ထောင်" အတတ်ကိုလည်း သင်ယူခဲ့ကြောင်း၊ ထိုအချိန်မှစ၍ သူသည် မျက်လှည့်ပညာထဲ နစ်မျောနေ ပျော်ပါးနေတော့ကြောင်း သိရသည်။

မျက်လှည့်ပညာ အနည်းငယ်တတ်မြောက်လာသောအခါ မုံ့ဝင်တယ်သည်မထိန်းနိုင်တော့ဘဲ မျက်လှည့်ကို စွဲလမ်းသွားတော့သည်။ ယခုထက်တိုင်အောင် မျက်လှည့်နှင့် မခွဲနိုင်တော့ပါ။ သူ့ထံမှ ပညာဆည်းပူးသူလည်း များသထက်များလာပါသည်။ မုံ့ဝင်တယ်သည် တပည့်လက်ခံလျှင် ပထမဦးစွာ အကျင့်စာရိတ္တ ကောင်းမွန်စေရမည်။ စင်ပေါ်တက်ဟန်၊ သရုပ်ဆောင် တင်ဆက်မှုနှင့် မျက်လှည့်ပညာအတွက် ပါရမီခံပါရှိရမည်ဖြစ်ပြီး ထုံးတမ်းစဉ်လာအရ ဆရာတင်တပည့်ခံ အခမ်းအနားကျင်းပရသည်။ သူမျက်လှည့်ပညာ သင်ပေးခဲ့သည့်တပည့်များမှာ တစ်ရာကျော်ရှိသည်။ သို့သော် အမှန်တကယ် တပည့်ခံသူမှာမူ (၃၀)သာရှိပြီး မျက်လှည့်အတတ်အစစ်အမှန်အား လက်ခံရရှိသူကို လက်ချိုးရေနိုင်သည်။

မုံ့ဝင်တယ်၏ ပြောပြချက်အရ သူယခုစင်ပေါ် တင်ဆက်နိုင်သည့် အစီအစဉ်(၁၀၀)ကျော်ရှိပြီး လုံးဝမထပ်စေဘဲ တစ်ပတ်ခန့် တင်ဆက်ပြသနိုင်ကြောင်း သိရသည်။ သို့သော်လည်းသူအတတ်မြောက်ဆုံးမှာ ကွင်းဆက်(၁၀)ကွင်းအစီအစဉ် တင်ဆက်ကစားခြင်းပင်ဖြစ်သည်။

သတင်းထောက်ရှေ့၌ သူကွင်းဆက်(၁၀)ကွင်းကို ထုတ်ပြလိုက်သည်။ ယင်းကွင်းများ၌ အဆက်မပါပါ။ သူဖြည်းဖြည်းသာသာ မြှောက်သည်နှင့် သံမဏိကွင်းနှစ်ကွင်းသည် တော်ကြာဆက်လိုက် တော်ကြာ ခွဲလိုက်နှင့် တင်ဆက်ပြသနေရာမှသံမဏိကွင်း (၁၀)ကွင်းတို့သည် တစ်တန်း တည်းဖြစ်သွားတော့သည်။ သူ့တပည့်များသည် လူတိုင်းကွင်းဆက်အတတ်ကို သင်ယူရသည်။ သို့သော် သူအကျေနပ်ဆုံးသော တပည့်ကြီးမှလည်း ကွင်းဆက် (၆)ကွင်းထိသာတင်ဆက်ကစားနိုင်သည်။ တရုတ်တစ်ပြည်လုံး၌ သူကွင်းဆက်(၁၀)ကွင်းကို တင်ဆက်ကစားနိုင်သည်မှာ တွေ့တောင့်တွေ့ခဲသည်ဟုဆိုနိုင်သည်။

(ကွမ်ရွှမ်)